# မြန်မာနိုင်ငံရှိ ငလျင်ဒဏ်ထိခိုက်ပျက်စီးမှုများအတွက် လိုအပ်သောပစ္စည်းများပို့ဆောင်ရန်

# ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ လေယာဉ် စေလွှတ်ခြင်း

၂၀၂၅ ခုနှစ် ဧပြီလ ၇ ရက်

၁။ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် မြောက်မြားစွာသော ထိခိုက်ပျက်စီးမှုများအတွက် ကယ်ဆယ်ကုသပေးရန် မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးဆေးဘက်ဆိုင်ရာနည်းပညာအဖွဲ့ (JDR) က လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် လိုအပ် သောဆေးဝါးများနှင့် ရောဂါရှာဖွေရေး စမ်းသပ်ကိရိယာများအပါအဝင် ဆေးကုသရေးဆိုင်ရာ အထောက် အကူပြုပစ္စည်းများကို ပို့ဆောင်ရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ C-130 သယ်ယူပို့ဆောင် ရေးလေယာဉ်သည် အစောဆုံး ဧပြီလ ၈ ရက်နေ့တွင် Komaki လေတပ်စခန်းမှ မြန်မာနိုင်ငံသို့ ထွက်ခွာရန် စီစဉ်ထားပါသည်။

၂။ ဂျပန်နိုင်ငံအစိုးရသည် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာပြည်သူပြည်သားများကို ကူညီထောက်ပံ့သွားမည့် အပြောင်းအလဲမရှိသော မူဝါဒနှင့်အညီ ဆေးကုသရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းအပါအဝင် မြန်မာပြည်သူပြည်သားများ တိုက်ရိုက်အကျိုးခံစားရရှိစေမည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများကို အစွမ်းကုန် ဆက်လက်ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

(ကိုးကားချက် ၁) မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ (၂၀၂၅ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ)

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့် (ဂျပန်စံတော်ချိန် ၁၅ နာရီ ၂၀ မိနစ်ခန့်) တွင် လှုပ်ခတ်ခဲ့သောငလျင်သည် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရသူများ အပါအဝင် မြောက်မြားစွာသော နစ်နာသူများနှင့် ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ ပျက်စီးမှုများအပါအဝင် ထိခိုက်ပျက်စီးမှု အများအပြားကို ဖြစ်ပေါ်စေခဲ့ပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံပိုင်မီဒီယာများ၏ ထုတ်ပြန်မှုအရ ဧပြီလ ၁ ရက်နေ့အထိ သေဆုံးသူ ၃,၅၆၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅,၀၁၂ ဦး၊ ပျောက်ဆုံးနေသူ ၂၁၀ ဦးခန့်ရှိကြောင်း သိရပါသည်။ ကျန်ရှိနေသော ငလျင်ဒဏ်သင့်ဒေသများတွင် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သောကြောင့် ထိခိုက်နစ်နာသူအရေအတွက် ပိုမိုတိုးပွားလာနိုင်ဖွယ်ရှိပါသည် ။

(ကိုးကားချက် ၂) ငလျင်ဒဏ်သင့် မြန်မာပြည်သူပြည်သားများအတွက် ဂျပန်အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ

၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာနည်းပညာအဖွဲ့ (JDR)ကို စေလွှတ်ခြင်း

(၁) မတ်လ ၃၁ ရက်နေ့တွင် အဖွဲ့ဝင် ၅ ဦးပါသော လေ့လာရေးအဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။

(၂) ဧပြီလ ၂ ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး ဆေးဘက်ဆိုင်ရာနည်းပညာအဖွဲ့ (JDR) (ဆရာဝန်များနှင့် သူနာပြုများပါဝင်သည့် အဖွဲ့ဝင်သစ် ၂၇ ဦး၊ စုစုပေါင်း ၃၂ ဦး) ကို စေလွှတ်ခဲ့ပါသည်။

၂။ အရေးပေါ် ကူညီကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း

(၁) မတ်လ ၃၀ ရက်နေ့တွင် Disaster Emergency Logistics System for ASEAN (DELSA) (မှတ်ချက်။ Japan-ASEAN Integration Fund (JAIF) ၏ ပံ့ပိုးမှုဖြင့် ဖွဲ့စည်းထားသောစနစ်) မှ အရေးပေါ်သုံး မိုးကာစ ၂၄၀ နှင့် ရွက်ဖျင်တဲ ၄၅၀ ကို ပို့ဆောင်ပေးခဲ့ပါသည်။

(၂) ငလျင်ဒဏ်သင့်ပြည်သူများထံသို့ အခြေခံလိုအပ်သော နေ့စဉ်သုံးပစ္စည်းများဖြစ်သည့် သန့်ရှင်းရေးပစ္စည်းများ၊ ရေနှင့် ရေသန့်စက်များ အစရှိသည်တို့ကို JICA မှတဆင့် ထောက်ပံ့ပေးအပ်ရန် ဆုံးဖြတ်ပြီးဖြစ်ပါသည်။

၃။ အရေးပေါ် ထောက်ပံ့ငွေပေးအပ်ခြင်း

ဧပြီလ ၂ ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၆) သန်းခန့်ရှိသော အရေးပေါ်ထောက်ပံ့ငွေကို နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားရန် ပြင်ဆင်ထားသည်ဟု ဂျပန်အစိုးရက ကြေညာခဲ့ပါသည်။ (အသေးစိတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားပါမည်)